# မသန်စွမ်းသူများ လက်လှမ်းမီ ပါဝင်နိုင်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် မဲရုံများ ဖော်ဆောင်ခြင်း

## Accessible Electoral Activities and Elections


**နေလင်းစိုး**

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ – MILI

ဖုန်း - ၀၉၄၃ ၁၂၃ ၇၄၂

အီးမေးလ် - nay.lin.star@gmail.com





# မသန်စွမ်းသူ လူဦးရေ


ကမ္ဘာ့လူဦးရေ၏ ၁၅% (သန်းပေါင်း ၁၀၅၀)သည် မသန်စွမ်းသူများ ဖြစ်ကြသည်။ (၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ထားသော အချက်အလက်)

၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူလူဦးရေ ၂.၃ သန်း ရှိသည်။

၎င်းတို့၏ သုံးပုံနှစ်ပုံဖြစ်သော ၁.၅ သန်းခန့်မှာ အသက် ၁၈ နှစ်အထက် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များ ဖြစ်သည်။

မသန်စွမ်းသူများသည် မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း၊ ရပ်ရွာတိုင်းတွင် ရှိသည်။ မသန်စွမ်းသူ မရှိသည့် ရပ်ရွာဆိုတာ မရှိပါ။




Rehabilitation
Inclusion

# အားလုံးအကျုံးဝင်ရွေးကောက်ပွဲဖြစ်ပေါ်ရန် အဆင့်တိုင်းတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားပါ။

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ ရေးဆွဲပြဌာန်းခြင်း၊

ရွေးကောက်ပွဲ အဖွဲ့ဝင်နှင့် ဝန်ထမ်းများ ခန့်အပ်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊

ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊

ကိုယ်စားလှယ်လောင်း အမည်စာရင်းလျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်း

မဲဆန္ဒရှင်စာရင်း ကောက်ယူခြင်း၊

မဲဆန္ဒရှင် ပညာပေးခြင်း၊

ကြိုတင်မဲ ကောက်ယူခြင်း၊

မဲရုံများပြင်ဆင်တည်ဆောက်ခြင်းနှင့် မဲရုံအတွင်း အသုံးအဆောင်ပစ္စည်းများ စီမံခြင်း၊

မဲရလာဒ်များ ရေတွက်ခြင်း၊

ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခြင်း၊

နိုင်ငံရေးပါတီများ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များ၊

အရပ်ဖက်အဖွဲ့အစည်းများ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များ။



# မဲစာရင်း စစ်ဆေးခြင်း













# ရွေးကောက်ပွဲသတင်း ကြေငြာခြင်း














မဲရုံ













37
38
39
40

# မသန်စွမ်းသူများအပါအဝင် မဲဆန္ဒရှင်များအားလုံးအတွက် အဆင်ပြေသော စံပြမဲရုံ ဆိုသည်မှာ



နားမကြားသူမဲဆန္ဒရှင်များနှင့် မဲရုံဝန်ထမ်းများအကြား ဆက်သွယ်စကားပြောမှု လွယ်ကူအဆင်ပြေစေရန် မဲရုံတိုင်းတွင် စာရွက်အဖြူနှင့် ခဲတံများ စီစဉ်ထားရှိပေးပါ။ လိုအပ်ပါက လက်သင်္ကေတပြ ဘာသာပြန် စီစဉ်ပေးသင့်ပါသည်။

မဲထည့်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို နားမကြားသူများ၊ ဉာဏ်ရည်မသန်စွမ်းသူများ၊ စာမတတ်သူများအပါအဝင် မဲဆန္ဒရှင်များအားလုံး အလွယ်တကူ နားလည်သိရှိနိုင်ရန် မဲရုံအဝင်ဝနားရှိ လူအများမြင်သာသည့်နေရာတွင် မဲပေးနည်းလမ်းညွှန်ရုပ်ပုံများဖြင့် သရုပ်ပြ ပိုစတာ ချိတ်ဆွဲထားရပါမည်။





မဲရုံနေရာ ရွေးချယ်သည့်အခါ ဖြစ်နိုင်သမျှ မြေညီထပ်တွင် စီစဉ်ပါ။ အခန်းအနေအထား ကျယ်ဂန်းပါစေ။

မဲရုံအဂင်၊ အထွက်လမ်းတွင် မဲဆန္ဒရှင် ပြည်သူများနှင့် မသန်စွမ်းသူများအားလုံး လွယ်ကူအဆင်ပြေစွာ သွားလာနိုင်စေရန် လွန်စွာမတ်စောက်မှုမရှိဘဲ မြေပြင်နှင့် ကပ်လျက်ရှိသည့် အသုံးတည့်မည့် ဆင်ခြေလျှောလမ်းများ ပြင်ဆင်ထားရှိပေးပါ။


(မှတ်ချက်- ဆင်ခြေလျှောလမ်း ပြုလုပ်သည့်အခါ အမြင့် ၁ ပေ ရှိတိုင်း အလျား ၁၂ ပေ အချိုးဖြင့် ဆောင်ရွက်ပါရန်)






မဲရုံအဝင်ဝတံခါးနှင့် အထွက်တံခါးဝအကျယ်သည် အနည်းဆုံး ၃ ပေ ရှိရမည်။

မဲရုံအတွင်း လျှောက်လမ်းများသည် အနည်းဆုံး သုံးပေအကျယ်ရှိရမည်ဖြစ်ပြီး မဲရုံအသုံးအဆောင် ပစ္စည်းများ ခင်းကျင်း၊ စီစဉ်ထားရှိမှုသည် ဝှီးချဲလ်အသုံးပြုသူများ အတွက် သွားလာရေး အဆင်ပြေစေသည့် အကျယ်အဝန်း အနေအထား ဖြစ်ရမည်။






မဲရုံအတွင်းရှိ စားပွဲများတွင် အောက်ခြေချုပ်တန်းများ မရှိရ၊ စားပွဲများ အမြင့်သည် ကြမ်းပြင်မှ ပျမ်းမျှ ၂ ပေခွဲ ရှိရမည်။ သို့မှသာ အရပ်ပုသူများ၊ ဝှီးချဲလ်သုံးသူများ အတွက် လွယ်ကူအဆင်ပြေမည်ဖြစ်သည်။


မဲပုံများအမြင့်သည် ဝှီးချဲလ်အသုံးပြုသူများ၊ အရပ်ပုသူမဲဆန္ဒရှင်များအတွက် လက်လှမ်းမီသည့် အမြင့်အနေအထား ဖြစ်စေရမည်။





မျက်မမြင်မဲဆန္ဒရှင်များအတွက် ၎င်းတို့ကိုယ်တိုင်
လျှို့ဝှက်ဆန္ဒပြုနိုင်အောင် မျက်မမြင်လက်စမ်းစာ (သို့မဟုတ်)
သင်္ကေတများဖြင့် ပြုလုပ်ထားသော Template ပုံစံပြားများ စီစဉ်ထားရှိ
ရှင်းပြပေးရမည်။





မသန်စွမ်းသူများ၊ သားသည်မိခင်များနှင့် ကြာရှည်စွာ မတ်တပ်မရပ်နိုင်သော သက်ကြီးရွယ်အိုများကို လူအုပ်ထဲတွင် တန်းစီစောင့်ဆိုင်းမှုမပြုစေပဲ မြန်ဆန်စွာ မဲထည့်ခွင့်ရရှိရေး စနစ်တစ်ခုချမှတ်ပြီး ဦးစားပေးစီစဉ်ဆောင်ရွက် ပေးသင့်ပါသည်။ မဲရုံအဝင်ဝအနီးတွင် စောင့်ဆိုင်းရန် ထိုင်ခုံများလည်း ထားရှိပေးသင့်သည်။

လိုအပ်၍ အကူအညီတောင်းခံလာသော မသန်စွမ်းသူနှင့် သက်ကြီးရွယ်အို မဲဆန္ဒရှင်များအား ထိရောက်စွာ အကူအညီပေးနိုင်ရန် စနစ်တကျ လေ့ကျင့်ပေးထားသော ဝန်ထမ်းများ မဲရုံတိုင်းတွင် ထားရှိသင့်ပါသည်။



# မုံရွာကြားဖြတ်ရွေးကောက်ပွဲတွင် မျက်မမြင်များကိုယ်တိုင် မဲပေးသည်ကို တွေ့ရခြင်းမှာ အားရစရာကောင်းကြောင်း နိုင်ငံတကာအဆင့်ရွေးကောက်ပွဲစောင့်ကြည့်သူက ပြောကြား



ဆန္ဒမဲပေးပြီးကြောင်း ပြသနေသည့် မျက်မမြင်များအား တွေ့ရစဉ်

မုံရွာ ဧပြီ ၁

အချို့နိုင်ငံ အတော်များများတွင် မျက်မမြင်များမဲပေးနိုင်ရန် ဆောင်ရွက်မှုတွင် ခက်ခဲနေဆဲဖြစ်သော်လည်း မုံရွာမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲတွင် စံပြမဲရုံအဖြစ် မြို့သစ်ရပ် မဲရုံ၌ မျက်မမြင်များ အဆင်ပြေပြေ ကိုယ်တိုင်မဲပေးနိုင်မှုကို တွေ့ရခြင်းသည် အားရစရာကောင်းသော မြင်ကွင်းဖြစ်ကြောင်း နိုင်ငံတကာအဆင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ Anfrel Foundation မှ International Observer Ms;Corazon Ignacio ထံမှ သိရသည်။

"မျက်မမြင်တွေနဲ့ ပတ်သက်ပြီး ရွေးကောက်ပွဲမဲပေးတာဟာ တကယ်ကို စံချိန်တင်လောက်ပါတယ်။ UEC ကနေပြီး မျက်မမြင်နဲ့ မသန်စွမ်းတွေရဲ့ အခွင့်အရေးဥပဒေကို အခွင့်အရေးပေးခဲ့တယ်လို့မြင်ပါတယ်။ မျက်မမြင်များကိုယ်တိုင် သူတို့ရဲ့ လက်စမ်းရေးဖောက်စာနဲ့ မဲပေးတာကို လေ့လာတွေ့ရှိတာ အားရစရာကောင်းလှပါတယ်။ မဲပေးတဲ့ စာရွက်ကို မျက်မမြင်တွေရေးတဲ့ လက်စမ်းရေးဖောက်စာအဖြစ် ပြောင်းလဲပေးတာဟာ အချိန်ယူပြီးပြင်ဆင်ကြရတဲ့အရာပါ။ အဲဒါတွေကို မုံရွာက ပေးထားတာမြင်တော့ မျက်မမြင်တွေအတွက် အားရပါတယ်။ တချို့နိုင်ငံတွေမှာတောင် မျက်မမြင်တွေ မဲပေးနိုင်ဖို့အတွက် အခုထက်ထိခက်ခဲနေတုန်းဆိုတာ တွေ့နေရပါတယ်" ဟု Ms;Corazon Ignacio က ပြောပြသည်။

မုံရွာမြို့ မြို့သစ်ရပ် ရောင်ခြည်သစ် မျက်မမြင်ပရဟိတကျောင်းမှ မျက်မမြင်ကျောင်းတက်သူ ၄၀ ခန့်ရှိသည့်အနက် မဲပေးခွင့်ရှိသူမျက်မမြင် ၂၀ နှင့် မသန်စွမ်းတစ်ဦးတို့သည် ဧပြီ ၁ ရက် နံနက် ၁၀ နာရီက မြို့သစ်ရပ်ကွက် အမှတ် ၁၅ မူလတန်းကျောင်း၌ မဲရုံအမှတ်(၂) တည်ရှိရာ ပင်မတိုးချဲ့ ဗုဒ္ဓသီရိ ကျောင်းဆောင်သို့ လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။ မဲပေးခွင့်ရှိသူ မျက်မမြင် ၂၀ လွယ်လင့်တကူ နည်းစနစ်ကျ မဲပေးနိုင်ရန် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက မဲပေးနည်းသင်တန်းများကို နှစ်ရက်ကြာ ပို့ချခဲ့သလို ယခုမဲပေးရာတွင် အခက်အခဲမရှိစေရန် မျက်မမြင်များ အသုံးပြုသည့် လက်စမ်းရေးဖောက်စာကတ်ဖြင့် မဲပေးခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံမသန်စွမ်းသူ ရှေ့ဆောင်အဖွဲ့က မဲပေးရာတွင်သုံးရန် ၅ ကတ်ကို ပေးလှူထားကြောင်း သိရသည်။

"၂၀၁၅ တုန်းကလည်း မဲပေးခဲ့တယ်။ အခု ၂၀၁၇ မဲရုံက မျက်မမြင်ကျောင်းနဲ့ ပိုနီးတော့ လာရတာလွယ်တာပေါ့။ ကိုယ်စားလှယ်တွေကိုယ်တိုင် မျက်မမြင်ကျောင်းလာပြီး မဲဆွယ်စည်းရုံးတာမရှိပေမယ့် ရေဒီယိုက နားထောင်ပြီး မဲဘယ်သူ့ကိုပေးရင် ကောင်းမယ်ဆိုတာကို ဆုံးဖြတ်ပြီးလာပေးတာပါ။ မျက်မမြင် ၂၀ ကို မဲပေးနည်းသင်တန်း နှစ်ရက်လာပေးထားတဲ့အတွက် အကူအညီမလိုဘဲ မဲပေးခန်းထဲမှာ ကိုယ့်ဘာသာ လက်နဲ့စမ်း မဲပေးနိုင်ခဲ့ပါတယ်။ မျက်မမြင်တွေရဲ့ဘဝ စားဝတ်နေရေး အဆင်ပြေဖို့ကို အနိုင်ရတဲ့ ကိုယ်စားလှယ်လောင်းအနေနဲ့ ဆောင်ရွက်ပေးဖို့ကိုပဲ မျှော်လင့်မိပါတယ်" ဟု မုံရွာမြို့ ရောင်ခြည်သစ် မျက်မမြင်ပရဟိတ ကျောင်းအုပ်ဆရာကြီး ဦးကြည်က ပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)

# ကျေးဇူးတင်ပါတယ်။



